အဖွဲ့အစည်းတိုင်းက ဖွဲ့စည်းပုံကိုယ်စီရှိကြပြီး ဘုရားသခင်အတွက် လွတ်လပ်စွာပါဝင်လုပ်ဆောင်ကြသည်။ သို့သော်မှန်ကန်သော အဖွဲ့အစည်းအားလုံးသည် ဝိညာဉ်တော်နှင့်ပတ်သက်သော နိုင်ငံတော်တွင် ပါဝင်ကြသည်။ သူတို့၏ အခြေခံအုတ်မြစ်သည် ဘုရားသခင်ဖြစ်သည်။ သူတို့သည် ပတ်ဝန်းကျင်အခြေအနေ ပေါ်မူတည်၍ အခွင့်ရလျှင်ရသည့်အတိုင်း ပူးပေါင်းလုပ်ဆောင်ကြသည်။ လူတစ်ဦးစီတိုင်းနှင့် အဖွဲ့အစည်းတစ်ခုစီတိုင်းပေါ်တွင် တန်းတူရည်တူထားကာ ဦးဆောင်ကြပါသည်။ ယုံကြည်သူညီအစ်ကိုများကြားထဲတွင် လည်းကောင်း၊ စုရုံးလျက်ရှိသော မောင်နှမကြားထဲတွင် လည်းကောင်း မတရားမှုဖြစ်သော မနာလိုတဝန်တို စိတ်မရှိပေ။

Steve Atkerson

## အခန်း (၁၀)
## Chapter 10

### အမှုတော်ဆောင်သူသည် အဘယ်သူနည်း
### What is a ministers

၁၉၇၂ ခုနှစ်မှစ၍ ကျွန်တော်သည် ခရစ်တော်အသင်းတော်နှင့်ပတ်သက်သော မေးခွန်းများ နှင့် လုံးထွေးနေခဲ့ပါသည်။ တစ်ချို့ပြဿနာများက ကျွန်ုပ်တို့၏စိတ်ထဲတွင် ကကတိကအောင့်ဖြစ်စေခဲ့ပါသည်။ ထိုအရာများကို အဓိပ္ပာယ်ရှိသော စကားပြောဆိုခြင်းဖြစ်ဖို့ရန်အတွက် သော်လည်းကောင်း နှလုံးသားထဲ၌ သမ္မာကျမ်းစာကို စူးစမ်းရှိဖွယ်လိုသောစိတ်က သိမ်းပိုက်ဖို့ရန်အတွက်သော်လည်းကောင်း၊ မျော်လင့်ချက်ကြီးစွာဖြင့် ကျွန်တော် သူတို့ကဝေငှလိုပါသည်။ နှုတ်ကပတ်တော်အတူတကွ ဖတ်ရှုလေ့လာခြင်းကို ကျွန်တော့်တို့ကြောက်ရွံ့ဖို့ရန်မဟုတ်ပေ။

ကျွန်တော်ဖော်ပြလိုသောအကြောင်းအရာနှင့် တိုးတက်ဖွံ့ဖြိုးစေလိုသောအချက်သည် ဤကဲ့သို့ဖြစ်ပါသည်။ ၎င်းတို့သည် ကျွန်ုပ်၏နှလုံးသားထဲတွင် ဝန်ပိုးဝန်ထုပ်အဖြစ်တည်ရှိသော အချက်ပင်ဖြစ်သည်။ ကျွန်တော်တို့သည် ဓမ္မသစ်ကျမ်း၌ဖော်ပြထားသော ဦးဆောင်မှုဆိုင်ရာသွန်သင်ခြင်းနှင့် "အမှုတော်ဆောင်သူ" ကို သီးခြားစွာထားရှိသရွေ့ ထို့ပြင် ဘုရားသခင်၏ လူများကြားထဲတွင် (ခရစ်ယာန်ဝတ်ကျောင်းမှုအဖွဲ့) နှင့် "ရာထူးခန့်အပ်ခြင်းမခံရသူ" (သာမာန်ယုံကြည်သူ) ဟူ၍ ခွဲခြားနေသရွေ့ အသင်းတော်၏ သာသနာတစ်ခုလုံးသည် ခြေထောက်မသန်စွမ်းသူကဲ့သို့ ထော့နဲ့ထော့နဲ့ သွားရလိမ်ကမည်ဖြစ်သည်။

### "အမှုတော်ဆောင်သူများ" အစားသင်းထောက်လူကြီးများ
### Elders instead of "ministers"

ဓမ္မသစ်ကျစ်ထဲတွင် "သန့်ရှင်းသူများ၊ ဂိုဏ်းချုပ်ဦးဆောင်သူများနှင့်အစေခံသူများ" ဟူ သော စကားလုံးများသာ တွေ့ရှိနိုင်ပါသည် (ဖိ၊ ၁း၁) ဂိုဏ်းချုပ်ဦးဆောင်သူများ၊ သင်းအုပ်ဆရာများနှင့်သင်းထောက်လူကြီးများသည် တခြားသူတွေနှင့်အတူတူပင်ဖြစ်သည်၊ (တ၊ ၂၀း၁၇-၂၈)။ အသင်းတော်၌ပြဿနာဖြစ်ပွါးခြင်းသည် သင်းထောက်လူကြီးတို့၏ညံ့ဖျင်းမှုကြောင့်ဖြစ်သည် (၁တိ၊ ၅း၁၇၊ယာ၊ ၅း၁၄) မိရှိဖလာမှ သင်းအုပ်ဆရာဟူသော စကားလုံးကို အသုံးပြု

ခဲ့သော်လည်း၊ ၎င်းကိုဦးဆောင်မှုပိုင်းဆိုင်ရာဖော်ပြချက်နှင့် ချိုင့်ချိန်သည့်အခါ ထိုစကားလုံး သုံးနှုန်းခြင်း၏ဆိုလိုရင်းသည် ခြားနားသည်။ ဓမ္မသစ်ကျမ်းစာထဲတွင်ရှိသော တည်ဆောက်မှုများကို ဆင်ခြင်သောအခါ Laos (လူ) နှင့် Kleron (ခရစ်ယာန်ဝတ်ကျောင်းမှူးအဖွဲ့၊ မျိုးရိုးစဉ်ဆက်) တို့သည် ဘုရားသခင်၏လူအားလုံးကို ဖော်ပြလိုခြင်းဖြစ်သည်။ ထို့ကြောင့် သင်းထောက်လူကြီးများနှင့်ခရစ်ယာန်ကျောင်းထိုင်ဆရာများသည် "သာမန်ယုံကြည်သူများ/ ယဇ်ပုရောဟိတ်အဖြစ်ခံအပ်ခြင်းခံရသူများ)ကို ညွှန်ပြလိုခြင်းဖြစ်သည်။ ခွဲခြားမှုမရှိပေ။ တခြားယုံကြည် သူများထက် အဆင့်အတန်းမြင့်သည်ဟုမဆိုလိုပေ။ "အသင်းတော်အများစုတွင် သင်းအုပ်ဆရာနှင့် သင်းထောက်လူကြီးများကို ခွဲခြားခြင်းအားဖြင့် ဤတည်ဆောက်သည့်ပုံစံမှ လမ်းလွဲခဲ့ကြသည်။ ဆိုးသွမ်းသောအပြုအမူတခုသည် သင်းအုပ်ဆရာကို အသင်းတော်၌ အချိန်ပြည့်အမှုတော်ဆောင် အဖြစ် အသင်းတော်မှခန့်ထားပြီး၊ သင်းထောက်လူကြီးတို့သည်ဘုတ်အဖွဲ့လမ်းညွှန်သူဖြစ်သော သာမန်ယုံကြည်သူများအဖြစ် သတ်မှတ်ခြင်းဖြစ်သည်။" (James Stahr , Interest , April , p.2)။

Protestant များ၏ ကျင့်သုံးသောတည်ဆောက်ပုံသည် သင်းအုပ်ဆရာများက သင်းထောက် လူကြီးများမပိုင်ဆိုင်သော သီးသန့်ရွေးကောက်ခြင်းရှိသည်။ သင်းအုပ်ဆရာများကို သင်းထောက် လူကြီးတို့နှင့်မတူပဲ သီးသန့်ပို့ချခြင်းခံရသော ပုဂ္ဂိုလ်များဖြစ်သည်။ သင်းအုပ်ဆရာများများသည် သင်းထောက်လူကြီးတို့နှင့်မတူပဲ သီးသန့်ဘိသိက်ခြင်းခံရသောပုဂ္ဂိုလ်များဖြစ်သည်။ သင်းအုပ် ဆရာများသည် အသင်းတော်အပြင်ဘက်မှ သင်းအုပ်တာဝန်ထမ်းဆောင်ရန် ခန့်အပ်ခြင်း ခံရသောပုဂ္ဂိုလ်များဖြစ်ပြီး သင်းထောက်လူကြီးတို့သည် အသင်းတော်ထဲမှတာဝန်ထမ်းဆောင်ရန် ခန့်အပ်ခြင်းခံရသောပုဂ္ဂိုလ်များဖြစ်ပါသည်။ သင်းအုပ်ဆရာများသည် တခြားအသင်းတော်သို့ ပြောင်းရွှေ့နိုင်ပြီး သင်းထောက်လူကြီးများသည် အသင်းတော်မှ တခြားအသင်းတော်သို့ မပြောင်း ရပေ။ သင်းအုပ်ဆရာများကသူတို့၏နာမည်ရှေ့တွင် "Rev" ဟု ရေးသားနိုင်၍ သင်းထောက် လူကြီးတို့က သူတို့၏နာမည်ရှေ့တွင် "Rev" ဟု မရေးရပေ။ အသင်းတော်တွင် ဆောင်ရွက် ရသော ကိစ္စဟူသမျှတို့သည် သင်းအုပ်ဆရာများကတာဝန်ယူ (သင်းထောက်လူကြီးများက တာဝန်မယူပေ။) သင်းထောက်လူကြီးများကို "အမှုတော်ဆောင်သူများ" အဖြစ်သာသတ်မှတ်သည်။ သင်းအုပ်ဆရာများက တရားဟောရာပလ္လင်တော်ကို အပိုင်ရယူပြီး၊သင်းထောက်လူကြီးများက ရံဖန်ရံခါ (အသုံးပြုခဲ့လျှင်တောင်မှ) အသုံးပြုသည်။ သင်းအုပ်ဆရာများက ဝတ်ပြုခြင်း အစီအစဉ်ဦးဆောင်ခြင်းဟူသမျှကို တာဝန်ယူသည်။ Protestant များလုပ်ဆောင်သော နည်းလမ်းသည် တကယ်တန်းကျတော့ခေတ်ကာလအတိုင်း လှုပ်ရှားသောသတင်းကောင်းကို အထူးမပြုသောဘာသာနှင့် တူညီပြီး (ယဇ်ပုရောဟိတ်များအားဖြင့် ပါမေက္ခချုပ်များအားဖြင့်) ဓမ္မသစ်ကျမ်းထဲတွင်ဖော်ပြထားသော တည်ဆောက်မှုပုံစံနှင့်မတူပေ။

**ဦးဆောင်မှုလုပ်ငန်းကို "သာသနာလုပ်ငန်း" အဖြစ်ပြောင်းလဲခြင်း**

**The shift from Eldership/Mutual Ministry to "the ministry"**

ကျွန်တော်သည် အသင်းတော်၌ မှန်ကန်သောလုပ်ဆောင်ချက်များကို လေ့လာခြင်းသည် ပြဿနာမရှိပေ။ အဓိကပြဿနာသည် သင်းထောက်လူကြီးများနှင့်သင်းအုပ်ဆရာများခွဲခြားကာ လုပ်ငန်းပိုင်းဆိုင်ရာကိစ္စရပ်များခွဲခြားလုပ်ဆောင်ခြင်းပင်ဖြစ်ပါသည်။ကျွန်တော့်ကိုစိတ်ပျက်ဝမ်းနည်းစေ သောအချက်သည် ကျမ်းစာလေ့လာသောပညာနှင့် အသင်းတော်သမိုင်းအကြောင်းလေ့လာသော ပညာတော်များက "ယခုမျက်မှောက်ကာလ၌ ကောင်းသောအကျင့်စာရိတ္တပိုင်းဆိုင်ရာ ဦးဆောင် မှုများသည် ခရစ်ယာန်ဘာသာသို့ကူးပြောင်းခဲ့၍ ၎င်းကို ကျေးဇူးတော်ကို မထွက်ိုင်ပြကာ နည်းလမ်းအမျိုးမျိုးဖြင့် လုပ်ဆောင်သောပထမဆုံးသာသနာလုပ်ငန်းခွင့်ဖြစ်ကာ ၎င်းကို ဓမ္မသစ် ကျမ်းထဲတွင် ဖြစ်ပေါ်သည်ဟုသဘောတူညီခဲ့ကြပြီး နိဂုံးချုပ်ကြသော်လည်း အချိန်ကြာလာသော အခါ ရုံးချုပ်အဖွဲ့ဦးဆောင်သူများနှင့်အတွက် သာသနာလုပ်ငန်း လုပ်ဆောင်ရာတွင်

အဆင့်အတန်းခွဲခြားမှုတွေရှိခဲ့သည်။" ၎င်းသဘောတူညီချက်နိဂုံးချုပ်ခြင်းကို ပြင်းထန်စွာဆန့်ကျင်သောသူတို့ကို "နှင်ထုတ်ခြင်းခံရမည်။" "မသင့်တော်သောခံယူချက်စွဲကိုင်သူဖြစ်သည်။" "အန္တရာယ်နှင့်ရင်ဆိုင်ရမည်"။ (G.w.Forell, History of Cheistian Ethics, Vol.1,1979,p.39;eg."One God, One Bishiop:, The Politics of Monotheism," The Grostic Gospels, Elaine Pagels, 1981, pp.33-56) မှ ကိုးကားခဲ့သည်။

ဓမ္မသစ်ကျမ်းထဲတွင် ဖော်ပြထားသော အချက်အလက်နှင့်ပတ်သက်၍ ကျွန်ုပ်တို့ သည် "ကျေးဇူးတော်ကိုအခြေခံ၍ သာသနာလုပ်ငန်းမျိုးစုံ" ကို တွေ့ရပါလိမ့်မည်။ တမန်တော်များ ခေတ်ကာလပြီးဆုံးသွားပြီးနောက် လျင်မြန်စွာပေါ်ပေါက်လျက်ရှိ သော "သာသနာလုပ်ငန်း" (ခရစ်ယာန်ကျောင်းမှူးအဖွဲ့)ကို လက်ခံမည်ဆိုပါက ၎င်း သာသနာလုပ်ငန်းသည် လက်ခံနိုင်ဖွယ်ရှိလား၊ မရှိဘူးလားဟူ၍ ကိုယ့်ကိုကိုယ် မေးခွန်းထုတ်၍ မေးသင့်ပါသည်။ ကျွန်ုပ်တို့၏ လုပ်ဆောင်မှုသည်မှန်/မမှန်ဆုံးဖြတ်ရာတွင် တမန်တော်များ၏ သွန်သင်မှုအတိုင်းတိုက်ရိုက်လုပ်ဆောင်ခြင်းထက် တမန်တော်ခေတ် ကာလပြီးနောက် ဖြစ်ပေါ်ခဲ့သောဓလေ့ထုံးစံကို သာ၍စဉ်းစားကာ၊ ထိုဓလေ့ထုံးစံအတိုင်း လုပ်ဆောင်သင့်ပါသည်။ (c.f. Judy Schindler, "The Rise of One Bishop Rule in the Early Church," ST, Summer, 1981, pp.3-9).

### မှန်ကန်သော "ယဇ်ပုရောဟိတ်" များရွေးချယ်တင်မြှောက်သင့်သလော?

Will the Real "Clergy" Please stand up?

ဓမ္မသစ်ထဲတွင်ဖော်ပြထားသည့်အတိုင်း ကျွန်ုပ်တို့လေးနက်စွာလုပ်ဆောင်ပါက ယဇ်ပုရောဟိတ်/သာမန်ယုံကြည်သူများ ခွဲခြားသောစနစ်ဓလေ့ထုံးစံကို ကျွန်ုပ်တို့ရပ်တန့်ရမည်။ သင်းအုပ်ဆရာများက သူတို့၏နာမည်ရှေ့သော သိက္ခာတော်ရ(Rev)ကို ရှုပ်ချဖို့ရန် ဆန္ဒရှိမည်လော့? (cf:) David foster, "Call No Man Teacher, Father, Rabbi or Pastor?," Journal of Pastoral Care, Jay Adams, ed. "သင်းအုပ်ဆရာ" များအတွက် သိက္ခာတော်ရဟု ဖော်ပြထားထူခြင်း၏ လျှို့ဝှက်ချက်ကို ခရစ်တော်က တမန်တော်များအတွက် ဖော်ပြထားသော အကောင်းအရာနှင့် ဆန်းစစ်ရန်လိုအပ်သည်။ ခရစ်တော်က "သင်တို့သည် ညီအစ်ကိုများဖြစ်ကြသည်" ဟု ဖော်ပြခဲ့ပါသည်။ အောက်တွင် ဖော်ပြထားသည့်အတိုင်း သမ္မာကျမ်းစာသွန်သင်ချက်မဟုတ်သော ကျွန်ုပ်တို့ကြားတွင် ခွဲခြားမှုများပြုခြင်းသည် အလွန်ကြောက်စရာကောင်းသော ဓလေ့ထုံးစံကို ဆုပ်ကိုင်ကျင့်သုံးခြင်းပင်ဖြစ်ပါသည်။ "ပရိသတ်များစုရုံးသော ပုလ္လင်တော်ရှေ့မှောက်၌ အသိမှတ်ပြုခြင်းခံရသော ဓလေ့ထုံးစံအတိုင်း ဘိသိက်ခြင်းအမှုပြုခြင်းသည် သံသယကင်းခဲ့သည်။ (Jonh) Smalley က သူဘုရားကျောင်းဝင်လာသည်နှင့် တပြိုင်နက် သူ၏ပရိသတ်များက သိက္ခာတော်ရဆရာတစ်ဦးဖြစ်ကြောင်း သိစေခဲ့ပါသည်။ သို့မှ သာ သူသည် ဥပုဒ်နေ့နံနက်ပိုင်းဘုရားကျောင်းထဲဝင်လာသောအခါ သင်းဝင်သူအားလုံးက မတ်သပ်ရပ်ကာ သူ့ကို အရိုအသေပြုဦးညွှတ်ချကြမည်ဖြစ်သည်။" (Mary L. Gambrell. Ministerial Training in 18th Century New England, pp.113-114). ဤထူးခြားသော အရိုအ သေပြုခြင်းကို ကျွန်ုပ်တို့ဥပက္ခာမပြုအပ်ပေ။ သို့သော် ယနေ့ထောင်းပေါင်များစွာသောနည်းလမ်း ဖြင့် ကျွန်ုပ်တို့စိတ်ထဲတွင် ထိုကဲ့သို့ပြုရန် တိုက်တွန်းနေဆဲပင်ဖြစ်သည်။

### လမ်းပေါ်တွင်တရာဟောမည်လော(သို့) သာသနာရိပ်သာတွင်တရားဟောရမည်လော။

**Preaching: In the Street or in the Sanctuary?**

သင်းအုပ်ဆရာတစ်ပါး၏ အဓိကလုပ်ငန်းတာဝန်သည် တရားဥပဒေဝေငှခြင်းပင်ဖြစ်သည်။ H.M.Carson က တရားဟောခြင်းနှင့်ပတ်သက်၍ ဤကဲ့သို့ဖော်ပြထားပါသည်။ "တရားဒေသနာဟောပြောခြင်းသည် ဘုရားသခင်၏ လူများကို ယုံကြည်ခြင်း၌ တည်ဆောက်ပေးသောအဓိက

လမ်းသွယ်ဖြစ်သည်” (Halelijah! Christian Worship, p.74). သို့သော် ဓမ္မသစ်ကျမ်းထဲတွင် တရားဟောခြင်းတို့သည် အသင်းတော်၌ တွေ့ဆုံသောအစည်းအဝေး၏အပြင်ဘက်တွင် အဓိက အားဖြင့် ဟောပြောနေသည်ကို တွေ့ရှိရသည်။ (cf.stuart olyott, "what is Evangrlism?," Banner of Truth, July/August, 1969, pp.247). ယုံကြည်သူအယောက်စီတိုင်းတို့သည် တမန် တော်များ၏ သွန်သင်မှုပေါ်တွင် မြှုပ်နှံရမည်။ သင်းထောက်လူ၏ကြီးများက ပရိသတ်များရှေ့ တွင် ၎င်းသွန်သင်မှုများကို ဟောပြောနိုင်ရန် စီစဉ်ပေးရမည်။ သို့သော်ခရစ်တော်၏စကားတော်က အသင်းတော်ကို အုပ်စိုးနေသကဲ့သို့ သင်းအုပ်ဆရာများ၏ သာသနာလုပ်ငန်းသည် ပလ္လင်တော် တွင်သာ တရာဟောရမည်ဟု ခံယူခြင်းသည် ဓမ္မသစ်ကျမ်းစာ၏ ဖော်ပြချက်နှင့်ဆန့်ကျင်ဘက် ဖြစ်သွားခဲ့သည်။ George Whitefield ကဲ့သို့ တရားဟောခြင်းဆုကျေးဇူးကို ရရှိသောသူတို့က သူတို့၏ ဆုကျေးဇူးများကို ဘုရားကျောင်းအပြင်ဘက်တွင် အသုံးချခြင်းသည် အံ့သြစရာကောင်း သည်။ အသင်းတော်ကို “တရားဒေသနာ ဝေငှသောနေရာအတွက် သာဖြစ်သည်“ ဟု ထင်မှတ် ခြင်းသည် သံသယရှိဖွယ်ကောင်းသည်ဟု ပြောသောစကားကို မှတ်ထားအပ်ပါသည်။ ထို့သို့ ထင်မှတ်ပါက ဘုရားရှိခိုးကျောင်းသို့ တက်ရောင်ခြင်းသည် လူတိုင်းအတွက်မရှိမဖြစ်လုပ်ရသော တာဝန်ဖြစ်ပေမည်။

**ခန္ဓာကိုယ်သည် တစ်ဦးတည်းမဟုတ်၊ လူများစွာဖြင့်တည်ဆောက်ထားသည်**
**The Body is not one member, but Many**

သင်းအုပ်ဆရာနှင့်ဦးဆောင်မှုကို ခွဲခြားပြုခြင်းသည် ခန္ဓာကိုယ်တစ်ခုလုံးကို မထီလေးစား ပြုရာရောက်သောကြောင့် ဤကဲ့သို့ ပြုလုပ်ခြင်းသည် အသင်းတော်ကို ဖျက်ဆီးစေသော လုပ်ရပ် ပင်ဖြစ်သည်။ ၎င်းခွဲခြားမှုကို အသင်းတော်၌ရှိနေပါက “အသင်းတော်တစ်ခုလုံး၏ အမိန့်အာဏာ၊ အုပ်ချုပ်ရေးနှင့် တစ်ယောက်နှင့်တစ်ယောက် ဖေးမကူညီမှုများ” သည် သင်းအုပ်ဆရာ၏ ပခုံး ပေါ်တွင်ပဲရှိသည်။ Puritan Jphn Owen က ဤကဲ့သို့ အကြံပြုထားပါသည်။ ဧဖက် ၄း၁၆ ထဲ ၌ ဖော်ပြချက်တို့ကို ကြည့်ရှုပါက ခန္ဓာကိုယ်တစ်ခုလုံးကို သင့်လျော်သော အာရုံစူးစိုက်မှုထားရှိရ မည့် နည်းလမ်းမရှိပေ။ J.I.Packer က Puritan တို့၏ ဆုကျေးဇူးနှင့် ပတ်သက်သော တိုင်ပင်မှု များသည် “ဘိသိက်ခြင်းခံရသော သာသနာလုပ်ငန်း၌ သူတို့၏စိတ်ဝင်စားခြင်းက သူတို့ ၏ အသက်တာတစ်ခုလုံး လွှမ်းမိုးသည်။” ... ထို့နောက် တစ်ခြားလူတွေအပေါ်တွင်ရှိသော ဆု ကျေးဇူးနှင့်ပတ်သက်ပြီး မေးခွန်းမေးမြန်းခြင်းမရှိတော့ပေ” ဟု ဝန်ခံပြောဆိုခဲ့သည်။ ("The Puritans and Spiritual Gifts;" 1967 Westminster Papers, p.15).

**ရှေ့လာမည့် အမှုတော်ဆောင်ညီလာခံကို မည်သည့်နေရာတွင် ကျင်းပရမည်နည်း။**
**Where’s the Next Minister’s Conference?**

“သာသနာလုပ်ငန်း” သည် သင်းထောက်လူကြီးများ ဖွဲ့စည်းထားခြင်းနှင့် မတူပေ။ သာသနာလုပ်ငန်း၌ ပါဝင်သူတို့သည် သူတို့ကိုယ်တိုင်က မထင်မှတ်သောဆုကျေးဇူးပေးအပ်ခြင်း ရရှိသော ပဂ္ဂိုလ်များဖြစ်ကြသည်။ Christianity Today စာစောင်ထဲတွင်ရှိသော ခေါင်းစဉ်များက ကွင်းကွင်းကွက်ကွက် ဖော်ပြထားပါသည်။ ၎င်းခေါင်းစဉ်များသည် “ How Many Hats Does Your Pastor Wear? ” “သင့်သင်းအုပ်ဆရာက ဦးထုပ်ဘယ်နှလုံးဆောင်းသနည်း။” “ Who counsels Ministers when They have Problem? ” “အမှုတော်ဆောင်များကြားထဲတွင် မသင့်မြတ်မှုတွင် ပေါ်ပေါက်သောအခါ မည်သူကပြန်ဖြေသနည်း။” သင်းအုပ်ဆရာများသည် ဓမ္မ ညီလာခံကြီးအတွက် အချိန်ကိုပေးအပ်ရမည်။ အဘယ်ကြောင့်ဆိုသော် ဒေသန္တရအသင်းတော်များ က သူတို့ထံသို့ မလာရောက်နိုင်ရုံသာမက အချိန်ဇယားတောင် မဆွဲနိုင်ခြင်းကြောင့်ဖြစ်သည်။ သင်းအုပ်ဆရာများသည်

အငြင်းပွားမှုများဖြစ်ပေါ်နိုင်သော ထိုကဲ့သို့သော ညီလာခံကြီးသို့ တက် ရောက်ရန်အတွက် အချိန်ပေးရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သင်းအုပ်ဆရာများ၏ လုပ်ငန်းပိုင်းဆိုင်ရာနှင့်ပတ်သက်၍ ရှေးခေတ်ထုံးစံမှ အမွေဆက်ခံနိုင်ရန်အတွက် ဓမ္မသစ်ကျမ်းထဲတွင် ဖော်ပြထားခြင်းမရှိသောကြောင့်ဖြစ်ပါသည်။ လူတစ်ချို့တို့က သူတို့၏ မျှော်လင့်ချက်ကို သူတို့၏အတွေ့အကြုံနှင့် နှိုင်းယှဉ်ကာတင်ပြထားခြင်းသည် အံ့သြစရာမကောင်းပေ။ ဘဝတစ်ခုလုံးပျက်သုံးနိုင်သော လုပ်ရပ်များဖြစ်သည့် ကိုယ့်ကိုယ်ကို သတ်သေခြင်း၊ လင်မယားကွာရှင်းခြင်း၊ မိသားစုကို မယုံကြည်နိုင်လောက်အောင် ဖိနှိပ်ချုပ်ခြင်းနှင့် မယားငယ်ယူခြင်းတို့သည် အများအားဖြင့် ခရစ်ယာန်ဘုန်းကြီးများတွင် တွေ့ရှိနိုင်ပါသည်။ Focus on the family စာအုပ်က ကျွန်ုပ်တို့ ၏ နိုင်ငံတွင်ရှိသော အသင်းတော်အားလုံးတွင် လပိုင်းသင်းအုပ်ဆရာ ၁၈၀၀ ပါးက သူတို့၏ သာသနာလုပ်ငန်းကို စွန့်ခွာသွားခဲ့သည်ဟု တင်ပြထားပါသည်။ Denmark ပြည်နယ် တွင် ပျက်ဆီးမှုများ သိရှိသဘောပေါက်နိုင်ရန် ဘယ်အချိန်တွင် ကျွန်ုပ်တို့သည် နိုးထလိမ့်ကမည် နည်း။

**သာသနာလုပ်ငန်းသည် ပလ္လင်ပေါ်၌လော (သို့) နေရာတိုင်း၌လော။**
**Ministry: Pupit or Polyform?**

သင်းအုပ်ဆရာတို့၏ အဓိကသာသနာလုပ်ငန်းခွင်သည် အသင်းတော်၏ ဝတ်ပြုအစည်းအဝေးထဲတွင် ဦးဆောင်သည့်ပုံစံဖြစ်သည်ကို များသောအားဖြင့် သိရှိနိုင်ပါသည်။ (See Hezekiah Harvey, The Pastor, 1879 Backus Books, 19821, pp.27-28). ကနဦးယုံကြည်သူများက အစည်းအဝေးကျင်းပရာတွင် တရာပလ္လင်တော်မရှိခဲ့ပေ။ ၎င်းကို သင်မေးခွန်းထုတ်၍မရသော ခေါင်းစဉ်တစ်ခုဖြစ်လာခဲ့သည်။ ပထမရာစုနှစ်တွင် တမန်တော်များကပလ္လင်တော်ရှေ့သို့ ဖိတ်ခေါ်ခြင်းအစီအစဉ်များပြုလုပ်ရာမှ ပလ္လင်တော်တည်ရှိခြင်းဖြစ်သည်ဟု လူသိများစွာခံယူခဲ့ကြသည်။ ဘိုးဘွား၌ရှိသော ပညာရှိပုဂ္ဂိုလ်ကျမ်းတတ်များက ဓမ္မသစ်ကျမ်းထဲတွင် ကျွန်တော်တို့သည် သီးသန့်စည်းဝေးသည့်နေရာကို သတ်မှတ်ခြင်းမရှိပဲ အဆင်ပြေသောနေရာ၌သာ တွေ့ဆုံသည်ဟု မှတ်တမ်းတင်ခဲ့သည်။ အောက်တွင်ဖော်ပြ၍ရသော ဥပမာများစွာ တင်ပြချက်များကို မှတ်ယူပါ။

- ၁ကော ၁၄း၂၆–၃၆ ထဲတွင် "ကနဦးယုံကြည်သူများ ဝတ်ပြုကိုးကွယ်သည့်နေရာကို တွေ့နိုင်သည်။ ဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်များထဲတွင် Synagogue မှ အမွေဆက်ခံခြင်းဖြစ်သော အလိုလိုပေါ်ပေါက်သော ပြောင်းလဲမှုမရှိသည့် ဝတ်ပြုခြင်းပုံစံနှင့် မိရိုးဖလာမှ ဆက်လက်ကျင့်သုံးနေခဲ့သော ဝတ်ပြုခြင်းပုံစံတို့ပါဝင်သည်။ ပရိသတ်များ နာမည်စာရင်းပြုစုကာ အစည်းအဝေးတိုင်းတွင် နာမည်ခေါ်ခဲ့သည်။" (၁၄း၂၆) (William Baird, 1 Corinthians/ 2 Corinthians 1980, p.59).
- ပေါလုခေတ်က ကျင်းပသောဝတ်ပြုကိုးကွယ်ခြင်းအစည်းအဝေးသည် ယနေ့ကျင်းပသော ဝတ်ပြုကိုးကွယ်ခြင်းအစည်းအဝေးထက် လူတိုင်းလွတ်လပ်စွာပါဝင်နိုင်သည်။" (Leonard J.Coppes. Are five Points Enough? P.182)
- ဓမ္မသစ်ကျမ်းထဲရှိ ဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်၌ ပါဝင်သူများကို ကြည့်လိုက်သောအခါ တက်ကြွစွာဖြင့် ပါဝင်ကိုးကွယ်ခြင်းအမှုပြုသူများပင် ဖြစ်ကြသည်။ (Herbert Carson, Hallelujah!, p.29).

အရေးကြီးသောမေးခွန်းများပေါ်ပေါက်လာသည်။ ကျွန်ုပ်တို့သည် နောင်တရပြီးအပြစ်ဝန်ချတောင်းပန်သောအခါ ဓမ္မသစ်ကျမ်းသည် ကျွန်ုပ်တို့ကို ဦးဆောင်ရမည်ဖြစ်သည်။ ကျွန်တော်တို့ ၏ ဝတ်ပြုကိုးကွယ်ခြင်းများသည် အဘယ်ကြောင့်သမ္မာကျမ်းစာသွန်သင်ချက်နှင့် ခြားနားသနည်း။ တရားဒေတနာဟောပြောခြင်းသည် အဓိက ကဏ္ဍတွင်ပါဝင်သည်ဟု ဖော်ပြလိုသောအခါ ပါဝင်သူများနာမည်စာရင်းမှတ်ယူခြင်းကို ဖယ်ထုတ်ပါက ကျွန်ုပ်တို့အတွက် တရားမည်လော။ ကနဦးယုံကြည်သူများအတွက် ဤကဲ့သို့ တွေ့ဆုံခြင်းတို့က အဘယ်ကြောင့်တစ်ဦးနှင့်တစ်ဦး ဖေးမစေခဲ့သ

နည်း။ အဘယ်ကြောင့်သူတို့အတွက် ကောင်းသနည်း။ အဘယ်ကြောင့် ကျွန်ုပ်တို့အတွက် အန္တရာယ်ရှိပါသနည်း။ ဓမ္မသစ်ကျမ်းထဲတွင် သန့်ရှင်းသောဝိညာဉ်တော်က ကျွန်ုပ်တို့၏နှလုံးသားထဲ၌ အသိပေးလှုံ့ဆော်ပါသလော။ သို့မဟုတ် မှုတ်သွင်းခြင်းခံရသော အသိပေးနှိုးဆော်မှုများနှင့် ကျွန်ုပ်တို့သည် သက်ဆိုင်မှုမရှိဟု ကျွန်ုပ်တို့ခံယူကြပါသလော။

အငြင်းပွားမှု ဖြစ်လေ့ဖြစ်ထရှိသော ခံယူချက်သည် ကောရိန္သုသြဝါဒစာ ပဌမစောင်ထဲတွင် ဖော်ပြထားသော "အစဦး၌ဖွင့်ပြထားသောဗျာဒိတ်ရူပါရုံ" ဖြစ်၍ ၎င်းကို "နောက်ပိုင်းတွင် ဖွင့်ပြထားသော ဗျာဒိတ်ရူပါရုံ" သို့ အစားထိုးပြောင်းလဲခဲ့ပါသည်။ သို့သော် ဤကဲ့သို့ ဖော်ပြထားခြင်းသည် ရှုထောင့်အမျိုးမျိုးမှ ကြည့်သောအခါ မှန်ကန်မှုမရှိသည်ကို တွေ့ရှိရသည်။ ပထမအနေ နဲ့ ကောင်ရိန္သုသြဝါဒစာ ပဌမစောင် ၁၄နှင့်ဆန့်ကျင်သော "နောက်ပိုင်း" ဗျာဒိတ်ရူပါရုံ ရှိပါသ လော။ ဒုတိယအနေနှင့် ဟေဗြဲသြဝါဒစာသည် "နောက်ပိုင်းတွင် ဖွင့်ပြထားသောဗျာဒိတ်ရူပါရုံ" ဖြစ်သည်။ ကောရိန္သုသြဝါဒစာထဲတွင် တွေ့ရသောအကြောင်းအရာသည် ဟေဗြဲသြဝါစာထဲတွင် လည်းတွေ့ရသည်။ "တစ်ယောက်ကိုတစ်ယောက် နေ့စဉ်နေ့တိုင်း တိုက်တွန်းနှိုးဆော်ကြလော ... စည်းဝေးခြင်းအမှုကို မထီမဲ့မြင်မပြုရ ... သို့သော်တစ်ယောက်နှင့်တစ်ယောက် ခွန်အားပေးဖေးမ ကြလော့။" တတိယအနေနှင့် ယာကုပ်သြဝါဒစာသည် "နောက်ပိုင်းတွင် ဖွင့်ပြထားသော ဗျာဒိတ် ရူပါရုံ" ဖြစ်သည်။ တစ်ချို့အနက်ဖွင့်ကျမ်းထဲတွင် ၁း၁၉ သည် "ကနဦးခရစ်ယာန်ယုံကြည်သူများ ဝတ်ပြုကိုးကွယ်စုရုံးခြင်း၌ လွတ်လပ်ရှိပြီး ဖွဲ့စည်းတည်ဆောက်ခြင်းမရှိ" ဟု ဖွင့်ဆိုထားပါ သည်။" (Curtis Vaughn, James. A study Guide, p.35; cf Early Kelly, James: A Primer for Christian Living, p.69).

ကျွန်ုပ်တို့သည် ရိုးသားမှုရှိပါက တရားဟောရာ ပလ္လင်တော်သည် တစ်ယောက်နှင့်တစ်ယောက် နာခံခြင်းရှိရန် ဟန့်တားသော ကြီးမားစွာပိတ်ဆို့သော နေရာဓလေ့ထုံးစံမှ ကျင့်သုံး သော ပလ္လင်တော်ဖြစ်သည်ဟု ကျွန်ုပ်တို့ဝန်ခံရမည်။ ဓမ္မသစ်ကျမ်းထဲတွင် တွေ့ရှိရသော ပလ္လင် တော်သည် လူတိုင်းတန်းတူရည်တူပါဝင်နိုင်သော ပလ္လင်တော်ဖြစ်သည်။ David Thomas (၁၈၉၈ ခုနှစ်တွင်) က ဤအဓကောင်းနှင့်ပတ်သက်၍ ပြောင်မြောက်စွာဖြင့် အတိုချုံး၍ ဖော်ပြခဲ့ပါသည်။ ၎င်းသည် "ခရစ်ယာန်အသင်းတော်၌ရှိသော ယုံကြည်သူများဝတ်ပြုခြင်းအစည်းအဝေးတွင် တာဝန်ခန့်အပ်ခြင်းခံရသော တရားဟောဆရာများစွာရှိသည်။ ထိုသို့ ဖြစ်ပါက (၁) ခရစ်များ၏ သွန်သင်ခြင်းသည် ကျွမ်းကျင်ခြင်းနှင့်သာ သက်ဆိုင်ပါသလော၊ ဗိသုကာဆရာများ၊ ရှေ့နေများ၊ ဆေးဆရာဝန်များနည်းတူ ယခုတရားဟောမည့် ပုဂ္ဂိုလ်များကို ကြီးထွားကြီးပြင်းစေခဲ့သည်။ သင်တန်းပို့ချပေးခဲ့သည်။ သင်တန်းပို့ချသည့်အတိုင်း အသက်ရှင်ခဲ့သည်။ (၂) ခရစ်ယာန်အသင်းတော်သည် လူတစ်ဦး၏သာသနာလုပ်ငန်းကိုသာ မှီခိုပြီး အသိအမှတ်ပြုပါသလော။ ယခုခေတ်ယုံကြည်သူများထဲတွင် တရားဒေသနာ ဝေငှဖို့ရန်အတွက် မွေးရာပါအစွမ်းအစရှိသူ၊ အသိပညာနှင့်တွေးတောကြံဆတတ်သောသူများရှိကြပါသည်။ သို့သော် ထိုသူတို့သည် သူတို့၏တတ်ကျွမ်းသော ပညာနှင့်အမှုတော်ဆောင်လက်မှတ်ကို အသုံးပြုကာ လူတွေကိုညွှန်ကြားခြင်းနှင့် နှစ်သိမ့်အားပေးရန်အတွက် အရည်အချင်းမရှိပေ။ ကျမ်းစာတွေးတောယူဆခြင်း၊ အတွေ့အကြုံများ ဝေငှကာ ရုံမှစေခိုင်းခြင်းခံရသော တရားဟောဆရာတို့သည် သြဇာအာဏာမရှိကြပေ။ မကြာမီ သူတို့၏ ဒေသနာဟောပြောခြင်းကို အကျိုးမဲ့စွာဖြင့် နိဂုံးချုပ်ပါလိမ့်မည်။ ခရစ်ယာန်အားလုံးတို့သည် တရားဟောဆရာဖြစ်သင့်ပါသည်။ ဝိညာဉ်တော်နှင့်ပြည့်ဝသော ပုဂ္ဂိုလ်သုံးဦးသို့မဟုတ် လေးဦးကသာ သူတို့၏အစွမ်းအစနှင့် ပြည့်စုံသော ဝေငှတိုက်တွန်းခြင်းအားဖြင့် အသင်းတော်ဝတ်ပြုခြင်းအစည်းအဝေးတွင် အချိန်နာရီဝက်ခန့်ကို အသုံးပြုပါလိမ့်မည်။ နားထောင်သူ ပရိသတ်များက ငြီးငွေ့လိမ်ကမည် မဟုတ်ပေ။ ထို့ကြောင့် ထိုသူတို့က နာရီဝက်ထက် ပိုများသော အချိန်ကိုလည်း ဒေသနာဝေငှသော အချိန်ဖြစ်အသုံးပြု ပါလိမ့်မည်။ ("1 Corinthians," The Palpit Commentary, p.459).

### သို့သော်ကျွန်ုပ်၏ ရလဒ်သည်အဘယ်နည်း
### But What About My Paycheck?

သာသနာလုပ်ငန်းတွင်ရှိသော သူများကို ဓမ္မသစ်ထဲတွင် ဖော်ပြထားသောသင်းထောက်လူကြီးများ ဖွဲ့စည်းခြင်း၏ ပြစ်တင်ဝေဖန်မှုက သတိပေးပါလိမ့်မည်။ သင်းအုပ်ဆရာများကို ဓလေ့ထုံးစံအတိုင်း အသင်းတော်မှထောက်ပံ့ခြင်းသည် နှုတ်ကပတ်တော်စေခိုင်းခြင်း မဟုတ်ပေ။ ကျမ်းစာကို မှားယွင်းစွာဖြင့် ခံယူကာ လုပ်ဆောင်ခြင်းပင်ဖြစ်ပါသည်။ သို့သော် ၁တိ ၅း၁၇-၁၈ အတိုင်းသည် စွမ်းဆောင်နိုင်သည့်အတိုင်းအတာအလျောက် သင်းထောက်လူကြီးများကို လွတ်လပ်စွာဖြင့် ပါဝင်ကူညီနိုင်ပါသည်။ သင်းအုပ်ဆရာများသည် တခြားကိစ္စများနှင့် ဆက်စပ်သော ကြောင့် သူတို့အတွက် ထောက်ပံ့ကြေးများကို သင်းထောက်လူကြီးများထံ ထားရှိရမည်။ သင်းအုပ်ဆရာများကို စိတ်ကူးယဉ် သက်သက်ဖြင့် ဆက်ဆံဖို့မဟုတ်ပေ။ (cf. Ronald Hock, The Social Content of Paul's Ministry: Tentmaking & Apostleship, Fortress, 1980). ငွေကြေးကူညီခြင်းသည် သင်းထောက်လူကြီးများသည်လည်း သူတို့လက်ဖြင့်အလုပ်လုပ်ရန် အခွင့်ရှိသည်။ (၁ပေ ၅း၂၊ ၁တိ ၅း၁၇၊ တမန် ၂၀း၃၄-၃၅)။

### သက်သေအထောက်အထားသည် ဘယ်မှာရှိသနည်း။
### Where’s the evidence?

အသင်းတော်၏ သာသနာလုပ်ငန်းတွင် “သင်းအုပ်ဆရာ”ကိုသာ အရေးကြီးဆုံးသော ပုဂ္ဂိုလ်ဖြစ်ပါက ဓမ္မသစ်ကျမ်းထဲတွင် ခိုင်လုံသောလုပ်ငန်းများကို ဖော်ပြရန် အဘယ်ကြောင့်ခက်ခဲပါသနည်း။ ဤအကြောင်းနှင့်ပတ်သက်၍ John H.Yoder က ထိရောက်ဖြင့် အတိုချုံးကာ ဖော်ပြထားပါသည်။ ယနေ့ခရစ်ယာန်အတိုင်းအဝန်းတွင် သတိမထားမိခဲ့သော ပုဂ္ဂိုလ်နှစ်ဦးတို့၏ ရာထူးကို ဖော်ပြခြင်းအားဖြင့် ၎င်းပြဿနာကို ဖြေရှင်းပေးပါလိမ်ကမည်။ “သင်းအုပ်ဆရာ”သည် ယုံကြည်သူများ ဦးဆောင်ရာတွင် ကျွမ်းကျင်သော အမှုတော်ဆောင်တစ်ဦးဖြစ်ပါသည်။ “ဂိုဏ်း ချုပ်ကိုဦးဆောင်သူ” (Bishop) သည် ယုံကြည်သူအားလုံး၏ သြဇာအာဏာကိုအသုံးပြုကာ ဦးဆောင်သော အမှုတော်ဆောင်တစ်ဦးဖြစ်ပါသည်။ အခြေခံအားဖြင့် “သင်းထောက်လူကြီးတစ်ဦး” က ကျွမ်းကျင်ပြီးအားဏာရှိစွာဖြင့် ယုံကြည်သူများကို ဦးဆောင်နိုင်ပါသည်။ သင်းထောက်လူကြီး ဟု ပြောသောအခါ ဒေသန္တရအသင်းတော်၌ ဦးဆောင်မှုပိုင်းရာဆိုင် တာဝန်သူများကို ဖော်ပြလိုခြင်းဖြစ်ပါသည်။ Geneve University, Calvin တို့ကျောင်းတွင် ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်သော Henri d'Espines က အထက်တွင် ဖော်ပြထားသည့်အတိုင်း သူသည်လည်း ခံယူခဲ့သည်။ သူက သင်းအုပ်ဆရာ၏ ရာထူးအဆင့်အတန်းနှင့်ပတ်သက်၍ Calvin တို့၏ ခံယူချက်သည် မှားယွင်းသည်ဟု ရဲဝံ့စွာပြောခဲ့သည်။ “ဤကဲ့သို့ ဖော်ပြထားခြင်းသည် ဝမ်းနည်းဖွယ်ကောင်းသည်။” ထို့နောက် “စစ်မှန်သော သင်းထောက်လူကြီးများအဖွဲ့မှ သင်းအုပ်ဆရာများ ရွေးချယ်ခန့်အပ်ထားခြင်းသည် ကျွန်ုပ်တို့လိုအပ်လျက်ရှိသော ဝိညာဉ်ရေးရာနိုးထမှုအတွက် အခြေခံကျသော လုပ်ဆောင်ခြင်းဖြစ်သည်။” နောက်တဖန် Bilicism and the Church, concern 2, 1955, p.45).

### သင်သည်အလင်းတစ်ချို့ကို မြင်တွေ့နေသလား။
### Are You Seeing Some Light?

ကုန်လွန်ခဲ့ပြီးသော အချိန်များတွင် သင်သည် ခရစ်ယာန်ဘုန်းကြီးတစ်ပါး (သို့) သင်တို့ အသင်းတော်၌ ခရစယာန်ဘုန်းကြီးဟု အမည်ပေးကာခွဲခြားမှုရှိခဲ့ပါက ၎င်းသည် ကျမ်းစာဖော်ပြထားသော လုပ်ထုံးလုပ်နည်းမှ ဆက်ဆံသောလုပ်ဆောင်ခြင်းမဟုတ်သည်ကို သင်သိရှိပါလိမ့်မည်။ သင့်ဘက်မှာ ခြေလှမ်း လှမ်းကာ မြင့်သို့တက်ရောက်ဖို့ လိုအပ်သည်။

- သင်၏နာမည်ရှေ့တွင် သိက္ခာတော်ရဆရာနှင့် အခြားဘာသာရေးနှင့် ပတ်သက်သော ရာထူးများကို သင်၏နာမည်နှင့်ဆက်စပ၍ ရေးသားခြင်းကို ရပ်လိုက်ပါ (ထို့နောက် သင်၏ပတ်ဝန်းကျင်တွင်ရှိသော သူများထံ "ခရစ်ယာန်ဘုန်းကြီး/သာမာန်ယုံကြည်သူ" ဟု ခွဲခြားထားခြင်းကို ရပ်တန့်ဖို့ရန်အတွက် တိုက်တွန်းပါ)။
- သင်၏ဘုန်းကြီးရာထူးကို စွန့်ပစ်၍သင်နှင့် သင့်ပတ်ဝန်းကျင်တွင်ရှိသော လူများက အသင်းတော်ကောင်းရာကောင်းကြောင်းကို ရည်စူး၍ ဝိညာဉ်ပိုင်းဆိုင်ရာချီးမြောက်ခြင်းခံရသော ဘုရားသခင်၏ လူတစ်ဦးအဖြစ် မိမိကိုယ်ကို အသိအမှတ်ပြုပါ(၁ကော ၁၂း၇)။
- ဘုန်းတော်ကြီးခွဲခြားမှု ကဏ္ဍနှင့် ၎င်းနှင့်ပတ်သက်သော ထင်မြင်ယူဆချက်နှင့် အရိုအသေပြုခြင်းတို့သည် လူတို့၏လုပ်ထုံးလုပ်နည်းအပေါ်တွင်သာ ရပ်တည်ပြီး သတင်းကောင်းအတွက် ရည်ရွယ်ကာ လုပ်ဆောင်ခြင်းမဟုတ်ကြောင်းကို သင်းဝင်သူများအား သွန်သင်ပါ။
- တစ်ဦးနှင့်တစ်ဦး ပြုစုဆောင့်ရှောက်ခြင်းသည် လူတိုင်းလုပ်ဆောင်ရမည့် တာဝန်ဖြစ်ပြီး ဝိညာဉ်ပိုင်းဆိုင်ရာ ရွေးချယ်ခြင်းခံသောသူများ၏ မောဝန်သာ မဟုတ်ကြောင်းကို သင်းဝင်သူများအား ညွှန်ကြားပါ။
- အသင်းတော်ထဲတွင် မိမိ၏ဆုကျေးဇူးများပေါ်တွင်အခြေခံ၍ လုပ်ငန်းအသီးသီး ခွဲဝေခြင်း ကို ပြုပါ။
- သမ္မာတရားကို ရှာဖွေခြင်းနှင့် သမ္မာတရားကို ဟောပြောခြင်းအတွက် အသစ်သောနည်းစနစ်ကို အစပြုပါ။ ဘုန်းကြီးများက ယုံကြည်သူများကို အတင်းအဓမ္မစေခိုင်းမည့်အစား၊ ခရစ်တော်၏ အလိုတော်ကို သိရှိရန်အတွက်နှင့် ထိုအလိုအတိုင်း အသက်ရှင်ရန်အတွက် နှုတ်ကပတ်တော်ဖော်ပြထားသော အရေးကြီးသော ကိစ္စရပ်များဆောင်ရွက်ရန် ထိုနှုတ်ကပတ်တော်ကို အတူတကွ လေ့လာကြပါ။
- ငြင်းခုံမှုပေါ်ပေါက်သည့်အခါတွင်လည်းကောင်း၊ တခြားလူတွေတိုက်တွန်းခြင်းမှ မေးခွန်းများ/သိရှိနားလည်းမှုများ ပေါ်ပေါက်သည့်အခါတွင်လည်းကောင်း သွန်သင်ဖြင်းပုံစံကို အသုံးပြု၍ ဖြေရှင်းပါ။
- အသင်းတော်၌ ကျင့်သုံးမှုစနစ်ကို ယုံကြည်သူများက မျက်ဝါးတင်တင် ပြောင်လဲစေသကဲ့ သို့ အဓိက လုပ်ဆောင်မှုသည် လူတစ်ယောက်ပေါ်တွင် လူများစွာက ထောက်ခံအားပေးမှီခိုခြင်းမှ လွတ်ကျွတ်သည်။
- ဘုန်းကြီးတစ်ပါးကို ငွေကြေးထောက်ပံ့ခြင်းသည် ဝန်ခံလျှင်ခက်ခဲသော လုပ်ဆောင်ခြင်းဖြစ်သည်။ သို့သော် ထို့ကဲ့သို့ထောက်ပံ့သောအခါ နှုတ်ကပတ်တော်ဖြင့်၎င်း၊ မိမိစိတ်ထဲတွင် တွေးတောခြင်းဖြင့်၎င်း ဆန်းစစ်ရမည်။ သင့်ပတ်ဝန်းကျင်တွင်ဖြစ်ပေါ်လျက်ရှိသော အကြောင်းကိစ္စပေါ်မူတည်၍ လုပ်ဆောင်ခြင်းမျိုးမဟုတ်ပေ။ အယောက်စီယောက် သာသနာလုပ်ငန်းလုပ်ဆောင်တွင် ယုံကြည်သူများတိုးတက်စေလိုသော ဆန္ဒရှိပါက ပေါလု ဖော်ပြထားသော နမူနာကို သင်လိုက်လျှောက်ဖို့ရန်အတွက် လိုအပ်ချက်ရှိသည်။ "ဤလက်တို့သည် ငါ့ကိုင်၎င်း၊ ငါ့ပအပေါင်းအဖော်တို့ကို၎င်း လုပ်ကျွေးပြီးပြီဟု သင်တို့သည် ကိုယ်တိုင်သိကြ၏။ ထိုသို့သင်တို့သည်လည်း အလုပ်လုပ်၍ အားနည်းသောသူတို့ကို မစရမည်ကို၎င်း၊ အစွန့်အကြဲခံခြင်း အရာထက် စွန့်ကြဲခြင်းအရာသည် သာ၍ မင်္ဂလာရှိသည်ဟု သခင်ယေရှု မိန့်တော်မူသော စကားတော်ကို အောက်မေ့ရမည်ကို၎င်း၊ အရာရာ ၌ သင်တို့အား ငါပြသပြီ . . . (တမန် ၂၀း၃၃-၃၅)။ သာသနာလုပ်ငန်းသည် ယုံကြည်သူတိုင်း လက်ချင်းဆက်လျက် ပါဝင်လုပ်ဆောင်ရသော လုပ်ငန်းဖြစ်သည်။ လူတစ်ယောက်တည်းလုပ်ဆောင်ခြင်းမျိုးမဟုတ်ပေ။ သာသနာလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန်

အတွက်နှင့် ဆင်းရဲသားများ ကူညီနိုင်ဘို့ရန်အတွက် လိုအပ်သော ငွေကြေးများရရှိရေးအတွက် ယုံကြည်သူအယောက်စီတိုင်း၏ တာဝန်ဖြစ်သည်။

ဘုန်းတော်ကြီးရှိသော စနစ်သည် ယခု ကွယ်ပျောက်သွားခဲ့သော စနစ်ဖြစ်သည်။ ဘာသာတရားတိုင်းတွင် ယခုထက်ပို၍ နက်နဲသော သာသနာလုပ်ငန်း လုပ်ဆောင်ခြင်းသို့ ကူးပြောင်းသွားခဲ့သည်။ ဘုန်းတော်ကြီးများက ဓမ္မကျမ်းစာကို လေးနက်စွာလေ့လာကျင့်သုံးခြင်းမရှိတော့ပေ။ သို့သော်လူပုဂ္ဂိုလ်တစ်ဦးက သူနမူနာပြသကာ လူတွေကိုဦးဆောင်ရာမှ ခရစ်တော်ကိုပထမနေရာတွင်ထားရှိသော အသက်တာသို့ကူးပြောင်းရန် လိုအပ်သည်။ မိရိုးဖလားကျင့်သုံးသောဘုန်းတော်ကြီးခန့်အပ်ခြင်းစနစ်ကို စွန့်လွှတ်ကာ ခရစ်တော်ထံသို့ သစ္စာရှိသောသူတို့သည် အဖိုးများစွာ ပေးဆပ်ရန်လိုအပ်သည်။ သို့သော် စိတ်ပိုင်းဆိုင်ရာ ဆုလဒ်သဏ္ဍာန်များစွာ ရရှိလိမ်ကမည်။ အမှန်အကန်ပြောရလျှင် ပျောက်သုံးသွားခဲ့သော စနစ်အောက်တွင် လူပေါင်းများစွာ အသက်ရှင်ခြင်းသည် မှားယွင်းသော အဖိုးပေးဆပ်ခြင်းပင် ဖြစ်သည်။ လတိုင်း အမှုတော်ဆောင် ၁၈ဝဝ ပါးက “သာသနာလုပ်ငန်း” မှ စွန့်ခွာခြင်း သည် သင်မည်ကဲ့သို့ ယူဆပါသနည်း။ “သမ္မာကျမ်းစာသည် မှားယွင်းမှုမရှိသော ယုံကြည် ခြင်းနှင့် ကျင့်သုံးခြင်းတို့၏ ပေတံဖြစ်သည်ဟု ကျွန်ုပ်တို့ ယုံကြည်သည်။”

## We Believe The Bible Is Our Infallible Rule of Faith and Practice

အသင်းတော် တော်တော်များများက ဤကဲ့သို့ ယုံကြည်ကြပါသည်။ သို့သော်သူတို့ကို သာသနာလုပ်ငန်းပိုင်းဆိုင်ရာ လှုပ်ရှားမှုတွင် ဓမ္မသစ်ကျမ်းထဲတွင်ရှိသော မီးမောင်းထိုးပြသည့် အတိုင်း သူတို့သည် အလေးအနက်ထားကာ လုပ်ဆောင်ပါသလား။ ကျမ်းစာဖော်ပြသည့်အတိုင်း ရိုးသားစွာအနက်ဖွင့်ခြင်းမရှိ၊ ဖြူစင်စွာနာခံခြင်းလည်း မရှိလျှင် ဤကဲ့သို့ ယုံကြည်ခြင်းသည် အနတ္တသက်သက်ဖြစ်သည်။ “သမ္မာကျမ်းစာထဲတွင် မတွေ့ရှိပါက ကျွန်ုပ်တို့မယုံကြည်ပါ။ လုပ်ဆောင်ခြင်းလည်းမရှိပါ” ဟု ဟိန်းဟောက်ခြင်းဖြစ်သော တရားဟောခြင်းကို ကြားနာရန် ကျွန်တော်ပင်ပန်း သည်။ အသင်းတော်ထဲတွင် အဓိပ္ပာယ်မရှိသော ကြွေးကြော်ခြင်းများကို သမ္မာကျမ်းစာက ထောက်ခံလိမ်ကမည် မဟုတ်ပေ။ သင်းအုပ်ဆရာများနှင့် ထိုင်ခုံများပေါ်တွင် ထိုင်နေသော ယုံကြည်သူများသည် သူတို့၏ ဖုံးကွယ်ထားသော အားနည်းချက်များ ထိပါးသည့် အခါ သူတို့သည် နာကျည်းမှုကို ခံစားရလိမ့်မည်။

ခရစ်တော်၏ အသင်းတော်သို့ နှုတ်ကပတ်တော်အပေါ်ကျွန်ုပ်၏ နားလည်သဘောပေါက်ခြင်းကို ကျွန်တော်ဆက်ကပ်အပ်နှံထားပါသည်။ ကျွန်တော်သည် မှားယွင်းသည်သင် သင်ယုံပါက ကျွန်ုပ်ကို နှုတ်ကပတ်တော်ဖြင့် သာ၍တတ်နိုင်ရန်အတွက် သွေးလိုက်ပါ။ တစ်ဘက်တွင် ကျွန်ုပ် ၏ တင်ပြချက်ပေါ်ကို ရှေ့အနာဂတ်တွင် အသုံးချရန် ထိုက်တန်ပါက ၎င်းခံယူချက်ထဲတွင် မျှော ပါဖို့ ကျွန်ုပ်နောက်ကို လိုက်ခဲ့ပါ။ သင်သည် ရာထူးအဆင့်အတန်းနှင့်ပတ်သတ်၍ (သမ္မာကျမ်းစာထဲမှဖော်ပြသော) ကောင်းသော ခံယူချက်များဖြင့် တိုးတက်ရန် ဆုံးဖြတ်ဖို့ ဆန္ဒရှိပါသလား။ သို့မဟုတ် နှုတ်ကပတ်တော်၏ မီးမောင်းထိုးပြသသည့်အတိုင်း သင်၏အတွေးအခေါ်နှင့် အသက်ရှင်သော နည်းလမ်းကို ပြောင်းလဲဖို့ရန်အတွက် ဆန္ဒရှိပါသလား။

အောက်တွင်ဖော်ပြထားသော စာအုပ်များသည် အထက်တွင် တင်ပြထားသောအကြောင်းအရာများ ဆွေးနွေးနိုင်ရန် ကျွန်ုပ်ကိုကူညီခဲ့သည်။


- Campenhausen, Hans von. Eiclesiastical Authority & Spiritual Power in the Church of the First Three Centuries, Stanford Univ. Press, 1869.
- Davies, J.G. the Early Christian Churchm Baker, 1981.
- Goppelt, Lenhard. Apostolic & Post – Apostolic Times, Baker, 1980.
- Grudem, Wayne the Gift of Prophecy in 1 Corintians. Univ.Press of Ameroca, 1982.

- Hanson, Anthony, the Pioneer Ministry: The Relation of Church & Ministry. Westminster, 1961.
- Lindsay. Thomas M. The Church & the Ministry in thye Early Centuries. James Family Pab., 1977.
- Niebuhr. H.Richard.The Ministry in Historical Perspectives, Harper & Raw, 1983.
- Warkentin, Marjorie. Ordination. A Biblical – Historical view. Erdmans, 1982.

- ***Jon Zens.***